**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့**

**(မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များက လိုက်နာရမည့်သတ်မှတ်ချက်များ)**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀**

**နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်)**

ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်း အဖွဲ့သည် မူလရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲလုပ်ကိုင် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကျော်လွန် ဆောင်ရွက်ရာတွင်ဖြစ်စေ ဆောင်ရွက်ရမည့် အချက်များ၊ အသင်းအဖွဲ့ဖျက်သိမ်းခြင်း၊ အသင်းအမည် ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်းပြုလုပ်လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရန် သတ်မှတ် လိုက်သည်။

၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူ၍ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ဖျက်သိမ်းခြင်း၊ အသင်းအမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာ ပြောင်းလဲခြင်းပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားသော အမှုဆောင်များ၏ ထက်ဝက်ကျော် သဘောတူဆုံးဖြတ်ချက်နှင့်အတူ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်းစာဖြင့် အကြောင်းကြား တင်ပြရမည်။

၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ယင်းအသင်းအဖွဲ့တွင် ပါဝင်သောပုဂ္ဂိုလ်များ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များ ပြောင်းလဲခြင်း ပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားသော အမှုဆောင်များ၏ ထက်ဝက်ကျော် သဘောတူဆုံးဖြတ်ချက်နှင့်အတူ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့် အကြောင်းကြားတင်ပြရမည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့